Statewide Processing Center
PO Box 14620
Salem, OR  97309

P.O. Box 14015, Salem, OR  97309
Voice: 1-800-699-9075
FAX: 503-378-5628
TTY: 711
www.ohp.oregon.gov

September 2022

Case number:

# သင်၏ အကျိုးခံစားခွင့်များ ဆက်လက်ရရှိရန်အတွက် သင်၏ လက်ရှိဆက်သွယ်ရန်အချက်အလက်များကို ပေးထားပါ။

လေးစားရပါသော Oregon ကျန်းမာရေးအစီအစဉ် (Oregon Health Plan) အဖွဲ့ဝင်၊

သင်၏ Oregon ကျန်းမာရေးအစီအစဉ် (Oregon Health Plan, OHP) အာမခံသည် ပြောင်းလဲခြင်းမရှိပါ။ ဤစာသည် နောင်တစ်ချိန်တွင် သင်၏ အာမခံကိုဆက်ထားရန်အတွက် သင်လုပ်ဆောင်ရမည့် အဆင့်များအကြောင်း ဖြစ်ပါသည်။

**သင်၏ လက်ရှိဆက်သွယ်ရန်အချက်အလက်များကို ဘယ်လိုပေးထားမလဲ -**

1. **သင်၏ စာပို့လိပ်စာ၊ အီးမေးလ်လိပ်စာ သို့မဟုတ် ဖုန်းနံပါတ်များ ပြောင်းသွားပါက ကျွန်ုပ်တို့အား ချက်ချင်းအသိပေးပါ။** ပြောင်းလဲမှုများကို တင်ပြရန်နည်းလမ်းများအား စာမျက်နှာ ၂ တွင် ကြည့်ရှုပါ။
2. **ကျွန်ုပ်တို့ ပို့သော မေးလ်နှင့် အသိပေးစာများကို စစ်ဆေးပါ။** ကျွန်ုပ်တို့တောင်းသော အချက်အလက်များကို ပုံမှန်ပို့ပေးပါ။
3. **နောက်ဆုံးရ OHP သတင်းများကို အမြဲသိနေပါစေ။ OHP.Oregon.gov** သို့ သွားရောက်ပါ သို့မဟုတ် သင်၏ ပြည်တွင်း OHP အဖွဲ့အစည်း မိတ်ဖက်အဖွဲ့များကို မေးမြန်းပါ။ ထိုအဖွဲ့ကို **bit.ly/ohplocalhelp** တွင် ရှာဖွေပါ။

**သိထားသင့်သည့်အရာများ -**

**1. သင်၏ OHP အာမခံသည် ဆက်ရှိနေပါသေးသည်။**

သင်သည် ဤစာကိုပြန်ရန် မလိုပါ။ သင်၏ လက်ရှိဆက်သွယ်ရန်အချက်အလက်များ ကျွန်ုပ်တို့တွင်ရှိနေသရွေ့ နောက်ထပ်အချက်အလက်များ လိုအပ်ပါက သင့်အား ကျွန်ုပ်တို့အသိပေးပါမည်။

**2. COVID-19 အရေးပေါ်အခြေအနေများအပြီး OHP ၏ လာမည့်ပြောင်းလဲမှုများ -**

COVID-19 ကပ်ရောဂါအတွင်း အဖွဲ့ဝင်အများစုသည် နေထိုင်မှုတွင် ငွေကြေးပိုမိုရှာဖွေနိုင်ခြင်း စသည့် အပြောင်းအလဲတစ်ခုခု ရှိခဲ့သည့်တိုင်အောင် ၎င်းတို့၏ OHP ကို ဆက်လက်ထားရှိကြပါသည်။ ယင်းမှာ COVID-19 ကပ်ရောဂါအတွင်း မူဝါဒအပြောင်းအလဲများကြောင့် ဖြစ်သည်။

**3. COVID-19 အရေးပေါ်အခြေအနေ ပြီးဆုံးပြီးနောက်ပိုင်း -**

သင်သည် OHP အတွက် သတ်မှတ်ချက်နှင့် ဆက်လက်ပြည့်မီမမီကို သိရှိနိုင်ရန် အချက်အလက်များ ထပ်မံလိုအပ်ပါက ကျွန်ုပ်တို့က သင့်အား ဆက်သွယ်ပါမည်။

ထိုသို့ဆက်သွယ်ပါက သင်အဆင်သင့်ဖြစ်နေအောင် ကျွန်ုပ်တို့က သင့်အားကူညီပေးလိုပါသည်။ ကျွန်ုပ်တို့က သင့်အား ဆက်သွယ်၍မရပါက သင့်အာမခံကို ဆုံးရှုံးရနိုင်ပါသည်။ သင်၏ လက်ရှိအချက်အလက်များအား ပေးထားခြင်းသည် သင့်အာမခံကို ဆက်ထားနိုင်ရန် ကူညီပေးပါသည်။

# ပြောင်းလဲမှုများကို တင်ပြပုံ

ပြောင်းလဲမှုများကို နည်းလမ်းအမျိုးမျိုးဖြင့် တင်ပြနိုင်ပါသည် -

**သင်၏ ချိတ်ဆက်ထားသော စောင့်ရှောက်မှုအဖွဲ့အစည်း (coordinated care organization, CCO) အား ဆက်သွယ်ပါ**

ယင်းအဖွဲ့သည် သင်၏ OHP ကို ကိုင်တွယ်သည့်အဖွဲ့ဖြစ်ပါသည်။

- သင်၏ CCO ကို သင့်အဖွဲ့ဝင်အိုင်ဒီကတ်အား စစ်ဆေးခြင်းဖြင့် တွေ့ရှိနိုင်ပါသည်။
- သင်၏ CCO အား ဆက်သွယ်ရန်အချက်အလက်များကို **bit.ly/ccoplans** တွင် ရှာဖွေပါ။

**အွန်လိုင်း**

benefits.oregon.gov

အကောင့်တစ်ခုပြုလုပ်ပါ သို့မဟုတ် လက်ရှိအကောင့်ထဲသို့ ဝင်ပါ။
အင်္ဂလိပ် သို့မဟုတ် စပိန် ဘာသာစကားဖြင့် ရရှိနိုင်ပါသည်။

**ဖုန်းဖြင့် -**

အသုံးပြုသူဝန်ဆောင်မှုစင်တာ

- 1-800-699-9075 (TTY 711)
- တနင်္လာနေ့မှ သောကြာနေ့အထိ၊ မနက် ၇ နာရီမှ ညနေ ၆ နာရီ၊ ပစိဖိတ်စံတော်ချိန်။
- စကားပြန်များရရှိနိုင်ပါသည်။
- ဝန်ထမ်းနှင့် စကားမပြောမီ သင်နှစ်သက်ရာ ဘာသာစကားတွင် စကားပြန်တစ်ဦးကိုလည်း ရရှိနိုင်ပါသည်။ benefits.oregon.gov တွင် ဘာသာစကားလိုင်းကို ရှာဖွေပါ။

**လူကိုယ်တိုင် သို့မဟုတ် ဖုန်းဖြင့် -**

သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၊ ကိုယ်တိုင်ဖူလုံရေး အစီအစဉ်များ သို့မဟုတ် သက်ကြီးရွယ်အိုဆိုင်ရာ ရုံးခန်းများရှိ ဒေသတွင်းအေဂျင်စီ

- **Oregon.gov/DHS/Offices** တွင် တည်နေရာများနှင့် ဖုန်းနံပါတ်များကို ရှာဖွေပါ။
- ရုံးခန်းတစ်ခုကို မသွားရောက်မီ ဖုန်းခေါ်ဆိုပေးပါ။
- စကားပြန်များ ရရှိနိုင်ပါသည်။

ကျေးဇူးတင်ပါတယ်၊

Oregon ကျန်းမာရေးအစီအစဉ်

ဤစာကို အခြားဘာသာစကားများ၊ ပုံနှိပ်စာအကြီး၊ မျက်မမြင်စာ သို့မဟုတ် သင်နှစ်သက်ရာ ပုံစံဖြင့် ရရှိနိုင်ပါသည်။ စကားပြန်တစ်ဦးကိုလည်း တောင်းဆိုနိုင်ပါသည်။ ဤအကူအညီသည် အခမဲ့ဖြစ်သည်။ 800-699-9075 သို့မဟုတ် TTY 711 ကို ဖုန်းခေါ်ဆိုပါ။ မသန်စွမ်းသူများအတွက် ထောက်ပံ့ခေါ်ဆိုမှုများကိုလည်း လက်ခံပေးပါသည်။